# သေစေလောက်သည့် လက်တုန့်ပြန်မှု။ စစ်အုပ်စုက မြန်မာနိုင်ငံ မြောက်ပိုင်း ပဋိပက္ခအတွင်း ဆုံးရှုံးမှုအတွက် အရပ်သားများအပေါ် လက်တုန့်ပြန်မှုကို တိုးမြှင့်လုပ်ဆောင်နေသည်။



## ကချင်အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံမှ မှတ်တမ်း ပြုစုသည်။

*၂၀၂၃ ခုနှစ် ဇွန်လတွင် ထုတ်ဝေသည်။*

# သေစေလောက်သည့် လက်တုန့်ပြန်မှု။ စစ်အုပ်စုက မြန်မာနိုင်ငံ မြောက်ပိုင်း ပဋိပက္ခအတွင်း ဆုံးရှုံးမှုအတွက် အရပ်သားများအပေါ် လက်တုန့်ပြန်မှုကို တိုးမြှင့် လုပ်ဆောင်နေသည်။

## အကျဉ်းချုပ်။

ဤအခြေအနေတင်ပြချက် စာတမ်းသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် တို့တွင် ၂၀၂၂ ခုနှစ် ဧပြီလမှ မေလအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများတွင် စစ်အုပ်စု လုံခြုံရေး တပ်ဖွဲ့များ၏ လူ့အခွင့်အရေး နောက်ဆုံး အခြေအနေများကို ဖော်ပြထားသည်။

သေစေလောက်သည့် ဖြိုခွဲမှုများကြောင့် စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး ဆန္ဒပြသူများမှာ လူအနည်းငယ်နှင့် အချိန်တို ပျောက်ကြား ဆန္ဒပြမှုများသာ ရှိသော်လည်း လုံခြုံရေး တပ်ဖွဲ့များက လက်နက်မဲ့ ဆန္ဒပြသူများအပေါ် ကျည်အစစ်များ အသုံးပြုသဖြင့် ဗန်းမော်နှင့် ဖားကန့်တို့တွင် လူနှစ်ဦး သေဆုံးခဲ့သည်။ ၎င်းတို့က မြို့ပြဒေသများတွင် တက်ကြွလှုပ်ရှားသူများအား ဆက်လက် ရှာဖွေလျက်ရှိပြီး နှစ်လအတွင်းတွင် NLD အဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သတင်းသမားများ နှင့် လူငယ် ခေါင်းဆောင်များ အပါအဝင် လူ ခြောက်ဆယ့် တစ်ဦးကို ဖမ်းဆီးခဲ့သည်။

KIA နှင့် တိုက်ခိုက်မှုများတွင် ဆုံးရှုံးမှုများကို တုန့်ပြန်သည့်အနေဖြင့် စစ်အုပ်စု တပ်ဖွဲ့များသည် ကျေးလက်ဒေသများတွင် နှိပ်စက်ညှင်းပမ်းမှု၊ ဥပဒေမဲ့ ပစ်ခတ်မှုများ၊ နှင့် လူနေအိမ် နေရာများအပေါ် လက်နက်ကြီးများ ပစ်ခတ်ခြင်းများ အပါအဝင် အရပ်သားများအပေါ်တွင် ရက်စက်သော လက်တုန့်ပြန်မှုများကို နိုင်ငံတကာ လူသားချင်းစာနာသော ဥပဒေကို ချိုးဖောက်လျက် တိုးမြှင့် လုပ်ဆောင်လာကြသည်။

မြစ်ကြီးနား၊ မိုးညှင်း၊ နှင့် ကားမိုင်းမှ လူငယ်များကို KIA နှင့် အဆက်အသွယ်ရှိသည်ဟူသော သံသယကြောင့် ဥပဒေမဲ့ ဖမ်းဆီး နှိပ်စက်ခြင်း ခံကြရသည်။ ယင်းတွင် ဘောလုံးကန်ရာမှ ပြန်လာသော အသက် ၁၈ နှစ်အောက် ကလေး ၃ ဦးလည်း ပါဝင်ခဲ့ပြီး ၎င်းတို့ကို စစ်တပ်စခန်းတွင် ၁၂ ရက်ကြာ ထိန်းသိမ်းထားပြီး ခေါင်းများကို သေနတ်များဖြင့် ရိုက်နက်ခြင်း နှင့် ဆေးလိပ်မီးများဖြင့် ထိုးခြင်းတို့ ခံကြရသည်။

နေရာဒေသ အများအပြားတွင် အပြစ်မဲ့ အရပ်သားများအပေါ် လုံခြုံရေးတပ်ဖွဲ့များက လက်လွတ်စပယ် ရမ်းသန်း ပစ်ခတ်မှုများ ရှိသည်။ မိုးကောင်း မြို့နယ် တစ်ခုထဲတွင် အလားတူ အဖြစ်အပျက် လေးခု ဖြစ်ပွားခဲ့သည်။ အရပ်သားများမှာ ဆိုင်ကယ် စီးနင်းနေစဉ်၊ ကွမ်းယာ ဝယ်ယူစဉ်နှင့် အသုဘ အခန်းအနား တက်ရောက်စဉ်တို့တွင် ပစ်ခတ်ခံကြရပြီး ရွာသား နှစ်ဦး သေဆုံးကာ သုံးဦး ဒဏ်ရာရခဲ့သည်။

အရပ်သား နယ်မြေများအပေါ် လက်နက်ကြီး ပစ်ခတ်မှုများလည်း တရှိန်ထိုး မြင့်တက်လာသည်။ အထူးသဖြင့် ကချင်ပြည်နယ် အရှေ့တောင်ပိုင်း ဒွေ့ဖုန်းယန်- မိုးမောက် ကားလမ်းမတလျှောက်တွင် ဖြစ်သည်။ ယင်းမှာ အာလော့ဘွမ် တောင်ကုန်းကို မတ်လ ၂၅ ရက်နေ့တွင် KIA က ပြန်လည်သိမ်းပိုက်ခြင်းနှင့် မေလ ၃ ရက်နေ့ စစ်အုပ်စု ရဟတ်ယာဉ်ကို ပစ်ချလိုက်ခြင်းအပါအဝင် ထိုဧရိယာကို KIA ရရှိသွားခြင်းအပေါ် တိုက်ရိုက် လက်တုန့်ပြန်ခြင်းဖြစ်သည်။

ဧပြီ ၁၀ ရက်နှင့် မေလ ၂၄ ရက်အကြား ကျေးရွာ ငါးရွာနှင့် ကို လက်နက်ကြီးနှင့် ပစ်ခဲ့ပြီး အမျိုးသမီး သုံးဦးနှင့် အသက် ၁၄ နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် ရွာသား ကိုးယောက် သေဆုံးခဲ့ပြီး ကလေးသုံးယောက်အပါအဝင် လူပေါင်း ၁၅ ယောက် ဒဏ်ရာရခဲ့သည်။

ထိုသို့ အရပ်သားများအပေါ် တိုက်ရိုက် တိုက်ခိုက်မှုများက ကျယ်ပြန့်သော အတိုင်းအတာနှင့် ရွှေ့ပြောင်းမှုများကို ဖြစ်စေခဲ့ပြီး ပြည်တွင်း ဒုက္ခသည် ၆၀၀၀ ကျော်မှာ ဗန်းမော်နှင့် မိုးမောက် မြို့များသို့ ထွက်ပြေးခဲ့သည်။ သူတို့၏ မူလ အိမ်များကို မြန်မာစစ်တပ်မှ နာမည်ဆိုးဖြင့် ကျော်ကြားသော တပ်မ ၇၇၊ ၈၈၊ နှင့် ၉၉ တပ်ဖွဲ့များက ဝင်ရောက်နေရာယူထားပြီး ရွာသားများ၏ပိုင်ဆိုင်မှု ပစ္စည်းများ၊ မွေးမြူထားသော တိရစ္ဆာန်များနှင့် အစားအစာများကို လုယူခဲ့ကြသည်။

ကေအိုင်အေ ထိန်းချုပ်နယ်မြေတွင် ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည် ၆၀၀၀ ခန့် ခိုလှုံခဲ့သော အင်ဂျန်းယန် အပါအဝင် အခြား မြို့နယ်များတွင်လည်း ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များ၏ အရေအတွက် တိုးများလာနေသည်။ စစ်အုပ်စုက ပြည်တွင်းမှ ကေအိုင်အေ ထိန်းချုပ်နယ်မြေများသို့ လူသားချင်းစာနာထောက်ထားသော အကူအညီများ မရောက်ရှိစေရန် ပိတ်ဆို့ထားခြင်းကြောင့် ထိုပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်များမှာ အရေးပေါ် အကူအညီများ လိုအပ်လျက်ရှိသည်။

အရပ်သားများ ထိခိုက်သေဆုံးမှုနှင့် ရွှေ့ပြောင်းမှု လူဦးရေများ ဆက်လက် မြင့်တက်လာချိန်တွင် ကျွန်ုပ်တို့သည် တရားမဝင် အာဏာသိမ်း စစ်အုပ်စုအပေါ် အရပ်သားများအား အကြမ်းဖက်မှု ရပ်ဆိုင်းရန်၊ နိုင်ငံရေး အကျဉ်းသားများအားလုံး ပြန်လွှတ်ရန်နှင့် နိုင်ငံအနှံ့မှ တပ်ဖွဲ့များ ပြန်လည် ရုတ်သိမ်းရန်အတွက် နိုင်ငံတကာ စုပေါင်း ဖိအားပေးရန်အတွက် အရေးပေါ် တောင်းဆိုသည်။

မိမိတို့သည် နိုင်ငံတကာ အစိုးရများအား စစ်အုပ်စုအပေါ် စီးပွားရေးနှင့် သံတမန်ရေး အရေးယူ ပိတ်ဆို့မှုများ ချမှတ်ရန် နှင့် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အမျိုးသား ညီညွတ်ရေး အစိုးရအား အသိအမှတ်ပြုရန် ထပ်မံတောင်းဆိုသည်။

မြန်မာနိုင်ငံအပေါ် ကမ္ဘာတစ်ဝှမ်း လက်နက်ပိတ်ဆို့မှု ချမှတ်ရန်နှင့် တိုက်ပွဲဖြစ်နေသည့် ကာလအတွင်း စစ်တပ်မှ လေယာဉ်မပျံသန်းရ ဇုန်များ သတ်မှတ်ရန်လည်း တောင်းဆိုသည်။ တရုတ်အပါအဝင် အိမ်နီးချင်းနိုင်ငံများအား တိုက်ခိုက်မှုများ လုပ်ရာတွင် ၎င်းတို့၏ လေနယ်နမိတ်များ သုံးစွဲခွင့်ပြုမှုကို ရပ်တန့်ရန် တိုက်တွန်းသည်။

မိမိတို့သည် နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများကို တိုင်းရင်းသား နယ်မြေများရှိ ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားသော အကူအညီများကို နယ်စပ်ဖြတ်ကျော်၍ ပေးရန် တိုက်တွန်းသည်။

## စစ်အုပ်စု၏ လုံခြုံရေး တပ်ဖွဲ့များမှ ကျူးလွန်မှုများအပေါ် သုံးသပ်ချက်။ ၂၀၂၁ ခုနှစ် ဧပြီနှင့် မေလ။

### လက်နက်မဲ့ ဆန္ဒပြသူများအား ပစ်ခတ်မှုနှင့် တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးမှုများကို ဆက်လက် ပြုလုပ်နေခြင်း။

ဖေဖော်ဝါရီလနှင့် မတ်လ အတွင်းက အာဏာသိမ်း ဆန့်ကျင်မှုများအပေါ် အစုအပြုံလိုက် ဖမ်းဆီးမှုများနှင့် အကြမ်းဖက်ဖြိုခွဲမှုများက လူငယ်တက်ကြွလှုပ်ရှားသူ အများအပြားကို ပုန်းရှောင်မှုများ ဖြစ်စေပြီး ဆန္ဒပြပွဲများကို ပွင့်ပွင့်လင်းလင်း ဦးဆောင်မှုများ မရှိတော့ပေ။ ဧပြီနှင့် မေလများတွင် အများစုမှာ လူအုပ်စုအဖွဲ့ငယ်ကလေးများဖြင့် ရုတ်တရက် ဆန္ဒပြကြပြီး လုံခြုံရေး တပ်ဖွဲ့များ ရောက်မလာမီ အလျင်အမြန် လူစုခွဲကြသည်။

သို့ရာတွင် လက်နက်မဲ့ ဆန္ဒပြသူများအပေါ် ရက်စက်မှုများ ဆက်လက်ရှိနေခဲ့သည်။ စစ်တပ်နှင့် ရဲများက ကျည်အစစ်များ သုံးပြီး ဆန္ဒပြနေသည့် လူနှစ်ဦးကို သတ်ဖြတ်ခဲ့သည်။ တစ်ဦးမှာ ဧပြီလ ၄ ရက်နေ့ ဗန်းမော်တွင်ဖြစ်ပြီး နောက်တစ်ဦးမှာ မေလ နှစ်ရက်နေ့ ဖားကန့်တွင်ဖြစ်သည်။

လုံခြုံရေး တပ်ဖွဲ့များက တက်ကြွလှုပ်ရှားသူများကို မြေလှန်ရှာဖွေမှုများ လုပ်ခဲ့သည်၊ အိမ်များ၊ ဘာသာရေး အဆောက်အဦများ၊ စားသောက်ဆိုင်များနှင့် ကာရာအိုကေ ဘားများကို ဝင်ရောက်စီးနင်းခဲ့ကြသည်။ အထူးသဖြင့် မြစ်ကြီးနားရှိ ကချင်အများစု နေထိုင်ရာ စီတာပူ ရပ်ကွက် ဖြစ်သည်။ လွန်ခဲ့သည့် နှစ်လအတွင်း အဓိကအားဖြင့် မြစ်ကြီးနား၊ မိုးညှင်း၊ မူဆယ်။ ဖားကန့်နှင့် ဗန်းမော်မြို့များတွင် အမျိုးသမီး ၁၂ ဦးနှင့် အသက် ၁၈ နှစ်အောက် ယောကျ်ားလေး ခုနစ်ဦးအပါအဝင် လူပေါင်း ၆၀ ဦး ဖမ်းဆီးခဲ့သည်ကို KWAT မှ မှတ်တမ်းတင်နိုင်ခဲ့သည်။

ပုန်းအောင်းနေသော တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးရန် အာဏာပိုင်များက လိမ်လည်လှည့်ဖျားသော နည်းလမ်းများကို အသုံးပြုသည်။ မေလ ၂၁ ရက်နေ့တွင် တက်ကြွ လှုပ်ရှားသူ ဆိုင်းနူးပန်နှင့် အတူ အခြား တက်ကြွလှုပ်ရှားသူ လွမ်းဖောင်းတို့ မြစ်ကြီးနား အနီးရှိ ရွာတွင် ပြုလုပ်သော အဖိုးဖြစ်သူ၏ အသုဘသို့ ကားဖြင့် သွားရောက်စဉ် အရပ်ဝတ်များ ဝတ်ထားသော စစ်အရာရှိများသည် အရပ်ဖက် ကား နှစ်စီးဖြင့် လမ်းတွင် စောင့်ဆိုင်းကာ ကားကို အနောက်မှ ဝင်တိုက်ပြီး ဖမ်းဆီးခဲ့သည်။ လက်ရှိတွင် သူတို့ကို မြစ်ကြီးနားအခြေစိုက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဖမ်းဆီးထားပြီး အဆက်အသွယ်မရပဲ ရှိသည်။

ဆန္ဒပြပွဲ သတင်းများကို ပိတ်ဆို့ရန် သတင်းထောက်များကို ပစ်မှတ်ထား ဖမ်းဆီးခဲ့သည်။ ဧပြီလ ၁၄ ရက်နေ့တွင် မြစ်ကြီးနား သတင်းဂျာနယ် တွင် အလုပ်လုပ်သော အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦးတို့ အဖမ်းခံခဲ့ရသည်။ သူတို့ကို ပထမတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ခေါ်ဆောင်သွားခဲ့ပြီး နောက်ပိုင်းတွင် ပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲဆိုပြီး မြစ်ကြီးနားထောင်တွင် ချထားခဲ့သည်။ မေလ ၂ ရက်နေ့တွင် မြစ်ကြီးနား ဂျာနယ်နှင့် မြစ်ကြီးနား အခြေစိုက် ၇၄ မီဒီယာတို့၏ လုပ်ငန်းလိုင်စင်များကို ရုတ်သိမ်းခဲ့သည်။

လူထု မှတ်တမ်းသမားများကိုလည်း ရှာဖွေ ဖမ်းဆီးခဲ့သည်။ မေလ ၁၄ ရက် မြစ်ကြီးနား ကမ္ဘောဇ ဘဏ်တွင် ပေါက်ကွဲမှု ဓါတ်ပုံများကို Facebook တွင် တင်သည့်အတွက် လူငယ်နှစ်ဦးကို ဘဏ်အနီးရှိ ၎င်းတို့၏ အိမ်များတွင် လိုက်လံရှာဖွေပြီး ညနေပိုင်းတွင် ဖမ်းဆီးခဲ့သည်။

## KIA နှင့် ပတ်သက်မှု သံသယဖြင့် လူငယ်များအား နှိပ်စက်ညှင်းပမ်းခြင်း

ကေအိုင်အေနှင့် ပဋိပက္ခ မြင့်မားလာသည့်အတွက် စစ်အုပ်စု၏ လုံခြုံရေး တပ်ဖွဲ့များသည် အငယ်ဆုံး ၁၅ နှစ်အရွယ်အထိ အပါအဝင် လူငယ်များကို KIA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ဖမ်းဆီးနှိပ်စက်မှုများ ပြုလုပ်ခဲ့သည်။

ဖားကန့်မြို့နယ် ကားမိုင်းတွင် အသက် ဆယ့်ရှစ်နှစ်အောက် လူငယ်သုံးဦးကို ဧပြီ ၁၅ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး နှိပ်စက်ညှင်းပမ်းကာ KIA စစ်သားများ ဖြစ်သည်ဟု ဝန်ခံခိုင်းခဲ့သည်။ လူထု ခေါင်းဆောင်များက ကြားဝင် ဖြေရှင်းပြီး ဧပြီလ ၂၇ ရက် တွင် ပြန်လည်လွတ်မြောက်မလာမီ သူတို့ကို စစ်တပ်စခန်းတွင် ၁၂ ရက်ကြာအောင် ထိန်းသိမ်းထားခဲ့သည်။

ထိုလူငယ်များထဲမှ အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦးက သူ့အတွေ့အကြုံကို ပြောပြမှာ "သူငယ်ချင်း နှစ်ယောက်နဲ့ ဘောလုံး သွားကန်ကြတယ်။ စစ်သားတွေက ကျွန်တော့်ကို အိမ်အပြန်လမ်းမှာ ဖမ်းတယ်။

ကျွန်တော်တို့က လဝါးရွာမှ ခါဆန်ရွာကို ပြန်တဲ့လမ်းပေါ်မှာ၊ မြန်မာစစ်သား ၇ ယောက်လောက်က ကျွန်တော်တို့ကို စစ်ဆေးပြီး ဖုန်းတွေအားလုံး သိမ်းလိုက်တယ်။ စစ်သားတစ်ယောက်က (ကားမိုင်းမှာရှိတဲ့) တပ်စခန်းကို ဖုန်းဆက်ပြီး မိနစ်နည်းနည်းကြာတော့ စစ်သား ၁၀ ယောက်လောက် ရောက်လာပြီး ကျွန်တော်တို့ကို တပ်စခန်းကို ခေါ်သွားတယ်။ အဲဒီကို ရောက်တော့ ည ၁၀ နာရီလောက်ရှိပြီ။ သူတို့က အခန်းကျယ်တစ်ခုထဲခေါ်သွားပြီး မျက်စိကို အဝတ်နဲ့စည်းတယ်။ ကျွန်တော်တို့ကို ဒူးထောက်ခိုင်းတယ်။ ခေါင်းကို သေနတ်တွေနဲ့ ထုတယ်။ ကျွန်တော်တို့ထဲက တယောက် ခေါင်းမှာ ဒဏ်ရာ တော်တော်ဆိုးဆိုးရတယ်။ အဲဒီနောက် သူတို့က ကျွန်တော်တို့ကို ခွဲလိုက်ပြီး မေးတယ်။ "ကေအိုင်အေ စစ်သားလား" ကျွန်တော် မဟုတ်ဘူးလို့ ပြောတော့ သူတို့က ကျွန်တော့် လည်ပင်းကို ဆေးလိပ်မီးနဲ့ ထိုးတယ်။ နောက်ပြီး ကျွန်တော့်ပါးစပ်ထဲကို ကျောက်တုံးတစ်တုံးထည့်တယ်၊ ပြီး ပါးစပ်ကို သေနတ်နဲ့ ရိုက်တယ်။ နောက်ဆုံး ရိုက်တာမခံနိုင်တော့လို့ ကျွန်တော်တို့အားလုံး မဟုတ်ပေမယ့် KIA လို့ ဝန်ခံလိုက်ရတယ်။"

မေလ ၁ ရက်နေ့တွင် ကချင်လူငယ် ၁၁ ဦး-ယောကျ်ား ၆ ယောက်နှင့် မိန်းမ ၅ ယောက်-တို့မြစ်ကြီးနား အင်ဂျန်ဒုန်တွင် လူထုအတွက် အစားအစာလှူနေစဉ် အဖမ်းခံရသည်။ ၎င်းတို့အား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ခေါ် ဆောင်သွားပြီး ၎င်းတို့မှာ ကေအိုင်အေ အဖွဲ့ဝင်များ ဟုတ်မဟုတ် စစ်ဆေးမေးမြန်းသည်။ ဖခင်များက ကေအိုင်အေ ဟုတ်မဟုတ်နှင့် ၎င်းတို့ KIA ထံမှ စစ်သင်တန်း ရရှိထားခြင်းရှိမရှိ တို့ကို မေးမြန်းသည်။ ယောကျ်ားလေးများမှာ မေးမြန်းခံရစဉ် ပါးရိုက်ခံကြရသည်။ နစ်ပတ်ကြာသောအခါ ခြောက်ယောက်ကို ပြန်လွှတ်ပေးခဲ့သော်လည်း ယောကျ်ားလေး ၃ ယောက်နှင့် မိန်းကလေး ၂ ယောက်ကို မြစ်ကြီးနားထောင်သို့ ပို့လိုက်သည်။

မေလ ၈ ရက်နေ့တွင် လူငယ်သုံးဦး မိုးညှင်းတွင် ဖမ်းဆီးခံရပြီး ၎င်းတို့ကိုလည်း KIA အဖွဲ့ဝင်များ ဟုတ်မဟုတ် အလားတူ မေးမြန်းခံရသည်။ ၎င်းတို့မှာ ညနေပိုင်း စားသောက်ဆိုင်တစ်ခုသို့ ဘီယာ သွားသောက်ချိန်တွင် ကားနှစ်စီးနှင့် အရပ်ဝတ် လူ ၁၀ ဦးရောက်လာပြီး သူတို့ကို အပြင်ကို ထွက်ခိုင်းကာ ဖုန်းများကို ယူပြီး သူတို့ကို မြေကြီးပေါ် ထိုင်ခိုင်းထားသည်။ သူတို့ မိုးညှင်းတွင် ဖုံးထောင်ခြင်း ရှိမရှိ၊ ကေအိုင်အေ ဟုတ်မဟုတ်မေးမြန်းပြီး မျက်နှာနှင့် ရင်ဘတ်များကို ခြေထောက်ဖြင့် ကန်သည်။ ထို့နောက် သူတို့ကို မိုးညှင်းရဲစခန်းသို့ ခေါ်သွားပြီး ရဲစခန်းတွင် စစ်ဆေးမေးမြန်းပြီး ရိုက်နှက်ခြင်းခံကြရသည်။ ည ၁၁ နာရီခန့်တွင် သူတို့ကို မျက်စိကို အဝတ်နှင့်စည်း၍ စစ်တပ်စခန်းသို့ခေါ် ဆောင်သွားခဲ့ပြီးအခန်းများခွဲကာ သုံးညကြာအောင် ခြေနှင့်လက်များကိုချည်နှောင်ထားခဲ့သည်။ နောက်ဆုံး ဒေသခံ လူထုခေါင်းဆောင်များအကူအညီဖြင့် မေလ ၁၁ ရက်နေ့တွင် မြန်မာဘာသာဖြင့်ရေးထားသော ခံဝန်ချက်ကို ဖတ်ရှုခွင့်မပြုပဲ လက်မှတ်ရေးထိုးပြီးနောက် သူတို့ကို ပြန်လွှတ်ပေးခဲ့သည်။

## အရပ်သားများကို ဥပဒေမဲ့ ပစ်ခတ်ခြင်း

အရပ်သားများအပေါ် ဥပဒေမဲ့ ပစ်ခတ်မှုများ အထူးသဖြင့် မိုးကောင်းမြို့နယ်တွင် တိုးလာခဲ့သည်။ ဧပြီ ၅ ရက်နေ့ ည ၉ နာရီ ဝန်းကျင်တွင် မိုးကောင်းမြို့အတွင်း ကင်းလှည့်နေသော စစ်သားများက မော်တော်ဆိုင်ကယ်ပေါ်မှ လူနစ်ဦးကို ပစ်ခတ်ခဲ့သည်။ ဆိုင်ကယ်သမားများမှာ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း လမ်းဘေးရှိ အိမ်တွင်ရှိနေသည့် အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာ သေနတ်ဒဏ်ရာ ပြင်းထန်စွာ ရခဲ့သည်။ မေလ ၁၀ ရက် အလားတူ ဖြစ်စဉ်တွင် မိုးကောင်းမြို့နယ် နမ္မတီးတွင် ညအချိန် မော်တော်ဆိုင်ကယ်ဖြင့် အိမ်ပြန်လာသော လူနစ်ဦးကို ထမင်းဆိုင်တစ်ဆိုင်အရှေ့တွင် ကင်းလှည့်လာသော စစ်တပ်ကားပေါ်မှ ပစ်ခတ်ခဲ့သည်။ ယောကျ်ားတစ်ဦးဖြစ်သော လဂျူဂျာဝွန် မြေကြီးပေါ် လဲကျသွားသောအခါ စစ်သား လေးယောက်က သူ့ကို လမ်းပေါ်မှ ဆွဲခေါ်သွားပြီး သေနတ်ဖြင့် သုံးချက်ပစ်ခဲ့သည်။ ထို့နောက် စစ်သားများက ဆေးရုံကားကိုခေါ်ပြီး ထိုသူကို နမ္မတီး အထွေထွေ ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့သည်။ နောက်နေ့မနက် စောစောတွင် ထိုသူမှာ ဆေးရုံတွင် သေဆုံးသွားခဲ့သည်။

တပ်ဖွဲ့များသည် ရပ်ကွက်ရှိ လူနေအိမ်များအတွင်းသို့ ရည်ရွယ်ချက် ရှိရှိဖြင့် ပစ်ခတ်ခဲ့သည်။ ဧပြီလ ၆ ရက်နေ့

နံနက် ၁၁ နာရီခွဲခန့်တွင် စစ်သားများသည် မိုးကောင်းမြို့နယ် လွိုင်လီယန် ရွာတွင် အသုဘ လုပ်နေသော အိမ်အတွင်းသို့ ပစ်ခတ်ခဲ့သည်။ အသုဘလာသော ရွာသား တစ်ဦးမှာ ဦးခေါင်းတွင် သေနတ်ထိမှန်ပြီး နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ဧပြီ ၈ ရက်နေ့တွင် မိုးကောင်း မြို့နယ် ဆမ်ပါလီရွာသို့ စစ်ထရပ်ကားဖြင့် ရောက်ရှိလာသော စစ်သားများသည် ကွမ်းယာဝယ်နေသော ယောကျ်ား သုံးဦးကိုတွေ့သွားခဲ့သည်။ ၎င်းတို့က ရွာသားများကို လှမ်းအော်သည့်အတွက် ရွာသားတစ်ဦးမှာ ကြောက်လန့်ထွက်ပြေးခဲ့သည်။ စစ်သားများက သူ့နောက်မှ လိုက်၍ သေနတ်ဖြင့် ပစ်သောကြောင့် ထိုသူမှာ ဒဏ်ရာရရှိသွားပြီး ကျန်ရွာသားနှစ်ဦးကို ကန်ကြောက်ရိုက်နက်ခဲ့သည်။

ဧပြီလ ၂၄ ရက်နေ့တွင် ဖန်းမော်မှ လာသော စစ်ထရပ်ကား ၁၀ စီးပါသည့် စစ်ယာဉ်တန်းကို KIA က တိုက်ခိုက်ပြီးနောက်တွင် ယာဉ်တန်းတွင် ပါလာသော မြန်မာစစ်တပ်မှ စစ်သားများသည် အနီးအနားရှိ ခြံထဲတွင် အလုပ်လုပ်နေသော ရွာသားများအား လှမ်း၍ ပစ်ခတ်ခဲ့ရာ အသက် ၇၅ နှစ်အရွယ် အဖိုးအိုတစ်ဦးနှင့် အသက် ၂၁ နှစ်အရွယ်အမျိုးသမီး တစ်ဦး အပါအဝင် ရွာသား သုံးရောက်ကို ဒဏ်ရာ အပြင်းအထန် ရရှိစေခဲ့သည်။

## အရပ်သားဧရိယာများကို လက်နက်ကြီးများဖြင့် ရည်ရွယ်ချက် ရှိရှိဖြင့်ပစ်ခတ်ခြင်း

KIA တိုက်ခိုက်မှုများကြောင့် စစ်အုပ်စုသည် သိသိသာသာ ဆုံးရှုံးမှုများကို ကြုံတွေ့ခဲ့ရပြီး လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် မြေပြင်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းတို့ဖြင့် တုန့်ပြန်ခဲ့ပြီး အရပ်သား ဧရိယာများထဲသို့ ပစ်မှတ် တိတိကျကျမရှိပဲ လက်လွတ်စပယ် ရမ်းသန်း ပစ်ခတ်မှုများ ရှိသည်။ အပြင်းထန်ဆုံး လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ် တိုက်ခိုက်မှုများမှာ မိုးမောက်တွင် ဖြစ်ပွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကချင်ပြည်နယ် အရှေ့တောင်ပိုင်းရှိ ၁၉၈၇ ခုနှစ်ကတည်းက မြန်မာစစ်တပ်က သိမ်းပိုက်ထားသော အာလော့ဘွမ် တောင်ကုန်းကို မတ်လ ၂၅ ရက်နေ့တွင် KIA က သိမ်းပိုက်လိုက်ခြင်းကြောင့် ဖြစ်သည်။

အာလော့ဘွမ်သည် ဗန်းမော်ခရိုင်အတွင်းရှိ အမြင့်ဆုံး တောင်ကုန်းဖြစ်ပြီး တရုတ်နယ်စပ်တလျှောက် KIA ၏ အုပ်ချုပ်ရေး နယ်မြေနစ်ခုဖြစ်သော လိုင်ဇာနှင့် မိုင်ဂျာယန်အကြား တောင်တန်းထူထပ်သော နယ်မြေကို အပေါ်စီးမှ မြင်ရသည့် နေရာဖြစ်သည်။ အာလော့ဘွမ်သည် ယခင်က မိုင်ချန်၊ ခဆူးကောင်၊ မာချန်း ဒင်းဂရမ်၊ အင်ပေါင်၊ ငါးငါးယန်၊ ဘီထုနှင့် ဂန်လန် ကချင်ရွာ ၈ ရွာ ပါဝင်သော KIO ခရိုင်တစ်ခုဖြစ်ခဲ့သည်။ သို့ရာတွင် ၁၉၈၇ တွင် အာလော့ဘွမ်အား သိမ်းပိုက်မှု မတိုင်မီ ပြင်းထန်သော မြန်မာစစ်တပ်၏ ထိုးစစ်က မူလနေထိုင်ခဲ့သော လူထုအများစုကို ဒွေါဖုန်းယန်၊ နွမ့်လန်၊ မြို့သစ်နှင့် ကုန်းလော အပါအဝင် အနောက်ဖက် မြေနိမ့်ဒေသများသို့ ထွက်ပြေးစေခဲ့ခြင်းဖြင့် ထိုနယ်မြေကို ကန္တရလို ခြောက်သွေ့စေခဲ့သည်။

အာလော့ဘွမ်ကို KIA က သိမ်းပိုက်လိုက်ခြင်းသည် စစ်အုပ်စုကို ပြင်းထန်သော တုန့်ပြန်မှုကို ဖြစ်စေပြီး မတ်လ ၂၆ ရက်နေ့မှ စတင်၍ တောင်ကုန်းပေါ်နှင့် ပတ်ဝန်းကျင်ရှိ KIA တပ်စခန်းများကို နေ့စဉ် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အာလော့ဘွမ်မှာ တရုတ်နယ်စပ်မှ နှစ်ကီလိုမီတာလောက်သာ ကွာဝေးပြီး မြန်မာစစ်တပ် လေယာဉ်များက တရုတ် လေပိုင်နက်အထိသို့ ပျံသန်းပြီး အရှေ့ဖက်မှ ပြန်လာကာ ဗုံးကြဲတိုက်ခိုက်ကြသည်ကို မြင်ရကြောင်း ရွာသားများက ပြောပြသည်။

တချိန်တည်းမှာပင် အာလော့ဘွမ်ကို ပြန်လည်ရရှိရေးအတွက် စစ်အုပ်စုက လက်နက်ကြီးတိုက်ခိုက်မှုများလုပ်ခဲ့ပြီး မြေပြင် စစ်ကူများ စေလွှတ်ခဲ့သည်။ မိုးမောက်-ဒွေါဖုန်းယန် လမ်းမတလျှောက် အခြေစိုက်စခန်းများတွင် ရှိပြီးဖြစ်သော ရာနှင့်ချီသော တပ်ဖွဲ့များအပြင် ထိုနယ်မြေတွင် တပ်မ ၇၇၊ ၈၈ နှင့် ၉၉ တို့မှ လက်ရွေးစင်တိုက်ခိုက်ရေး တပ်ဖွဲ့အင်အား ၁၀၀၀ ခန့်ကို ချထားခဲ့သည်။

KIA က မြေပြင်ထိုးဖောက်မှုများကို ဟန့်တားသည့်အနေဖြင့် စစ်အုပ်စု၏ အာလော့ဘွမ်တောင်ခြေရှိ တပ်ဖွဲ့များကို ကြိုတင်တိုက်ခိုက်သည့်အခါ စစ်အုပ်စုက အရပ်သား နယ်မြေများကို ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် တိုက်ခိုက်ခဲ့သည်။ ဧပြီလ ၁၀ ရက်မှ မေလ ၂၄ ရက်နေ့တွင် မိုးမောက်-ဒွေ့ဖုန်းယန် လမ်းမတလျှောက်ရှိ ကျေးရွာငါးခုနှင့် မိုးမောက်မြို့များကို လက်နက်ကြီးဖြင့် ပစ်ခတ်ရာ ရွာသား ကိုးဦး သေဆုံးခဲ့သည်။ ၎င်းတို့တွင် အမျိုးသမီး သုံးဦးနှင့် အသက် ၁၄ နှစ်အရွယ် ယောကျ်ားလေး တစ်ဦးပါဝင်သည်။ ကလေး သုံးဦးအပါအဝင် လူ ဆယ့်ငါးဦး ဒဏ်ရာရခဲ့သည်။

လူသေမှု အများဆုံး ဖြစ်ရပ်များထဲမှ တစ်ခုမှာ ဧပြီလ ၁၁ ရက် ညတွင် ဖြစ်ပွားခဲ့သည်။ ထိုနေ့က KIA သည် မြို့သစ်ကျေးရွာ အရှေ့ဘက်ရှိ မြန်မာစစ်တပ်၏ အခြေစိုက်စခန်း ဖြစ်သော စလောင်းကုန်းကို သိမ်းပိုက်ခဲ့သည်။ လက်တုန့်ပြန်သည့်အနေဖြင့် မြန်မာစစ်တပ်တပ်ဖွဲ့များသည် (၆၀ မမ နှင့် ၁၂၀ မမ) ပုံးသီးမျိုးစုံဖြင့် မြို့သစ်၊ ဆီဟတ်၊ နှင့် ရွှေမြောင်းရွာများထဲသို့ ပစ်ခတ်ခဲ့ရာ အသက် ၈၃ နှစ်အရွယ်အမျိုးသမီးတစ်ဦးနှင့် ၈၄ နှစ်အရွယ် အမျိုးသား တစ်ဦး အပါအဝင် လူ လေးဦး သေဆုံးခဲ့ပြီး ဘုန်းကြီးနှစ်ပါးအပါအဝင် လူ ၃ ဦး ဒဏ်ရာရခဲ့သည်။

မြို့သစ်မှ ရွာသားတယောက်က သူ့အတွေ့အကြုံကို ပြောပြသည်မှာ "ည ၁၀ နာရီလောက်မှာ ကျွန်မတို့ လက်နက်ကြီးသံတွေ စကြားရတယ်။ ၁၁ နာရီလောက်တော့ ကျွန်မတို့ အိမ်ရှေ့မှာ လက်နက်ကြီး ပေါက်ကွဲပြီး တချို့အစတွေက ခေါင်မိုးကနေလွင့်စင်လာပြီး မအေးပုရဲ့ ပေါင်မှာ လာမှန်တယ်။ သူက အသက် ၁၉ နှစ်ပဲ ရှိသေးတယ်။ လေးလသား ကလေးလေးနဲ့။ ကျွန်မတို့ သူ့ကို စောင်နဲ့ ကာပြီး သူ့အဖေက ကလေးကို ယူပြီး အိမ်အနောက်မှာ သွားပုန်းတယ်။ ကျွန်မက ခြံစည်းရိုးနားမှာ သွားပုန်းနေတယ်။ ကျွန်မရဲ့ ၁၀ နှစ်သား ကလေးက လည်း ဒူးမှာ ဒဏ်ရာရတယ်။ မအေးပုက ဒဏ်ရာ ပြင်းပြင်းထန်ထန်ရထားပေမယ့် လက်နက်ကြီးတွေက ဆက်တိုက်ပစ်နေတော့ သူ့ကို ကျွန်မတို့ဘာမှ မကူနိုင်ဘူး။ သုံးနာရီလောက် ကြာပြီးမှပဲ သူ့အဖေက သူ့ကို အိမ်ပေါ်က အိမ်အောက်ကို သယ်ယူလာခဲ့တယ်။ ဒါပေမယ့် မနက် ၂ နာရီခွဲလောက်မှာ သူသေသွားတယ်။ အခု သူ့ကလေးကို သူ့အဖေနဲ့ သူ့အဒေါ်က ကြည့်ထားပေးတယ်။"

နောက်ထပ် လူသေစေသော လက်နက်ကြီး ပစ်ခတ်မှုမှာ မေလ ၃ရက်တွင် မြို့သစ်အရှေ့ဘက် စလောင်းကုန်း အထက်တွင် ဟယ်လီကော်ပတာ တစ်စီးကို KIA က ပစ်ချပြီးနောက် မေလ ၃ ရက်တွင် ဖြစ်ပွားခဲ့သည်။ လက်တုန့်ပြန်သည့်အနေဖြင့် ကုန်းလောအခြေစိုက် ခမရ ၃၈၇ နှင့် မြို့သစ်အခြေစိုက် ခမရ ၃၂၀ တို့က ကုန်းလောရွာတည့်တည့်ကို လက်နက်ကြီးများ ပစ်ခတ်ခဲ့ရာ ဘုန်းကြီး တစ်ပါးအပါအဝင် အရပ်သား သုံးဦးသေဆုံးပြီး ရွာသား ၆ ယောက် ဒဏ်ရာရရှိခဲ့သည်။ တစ်နေ့တည်းမှာပင် ခလရ ၁၄၂ မှ တပ်ဖွဲ့များက ဒွေ့ဖုန်းယန် မြို့ကို လက်နက်ကြီး အလုံး ၂၀ ပစ်ခတ်ခဲ့ရာ ရွာသား တစ်ဦး၏ ကား ပျက်စီးသွားပြီး ပြည်သူ့ ဆေးရုံက အုတ်တံတိုင်းကို ပျက်စီးစေခဲ့သည်။

ဧပြီလတွင် မိုးမောက်- ဒွေ့ဖုန်းယန် လမ်းတလျှောက်ရှိ ကျေးရွာများသို့ လက်နက်ကြီးများနှင့် ပစ်ခတ်သည့် အချိန်မှ စ၍ ရွာသား အများစုမှာ ထွက်ပြေးခဲ့ကြပြီး ဗန်းမော်နှင့် မိုးမောက်မြို့များတွင် ခိုလှုံစရာ ရှာဖွေနေထိုင်ကြသည်။ သို့ရာတွင် အချို့သော ရွာသားများမှာ သူတို့အိမ်များသို့ သွားလိုက်ပြန်လိုက်လုပ်ပြီး မွေးထားသော တိရစ္ဆာန်များနှင့် ခြံများကို ကြည့်ရှုစောင့်ရှောက်ကြသည်။ မေလ ၂၁ ရက်နေ့တွင် ခမရ ၃၂၀၊ ခမရ ၃၈၇ တို့က ဆီဟတ်ရွာကို ထပ်မံ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ရာ ရွာသို့ ခေတ္တပြန်သွားကသော အသက် ၅၆ နှစ်အရွယ် ယောကျ်ား တစ်ယောက်နှင့် အသက် ၃၆ နှစ်အရွယ် မိန်းမတယောက်တို့ ဒဏ်ရာ ရခဲ့သည်။

မိုးမောက်မြို့တွင် ခိုလှုံနေသော ရွှေ့ပြောင်းဒုက္ခသည်များသည်ပင် လက်နက်ကြီး ရန်က မလွတ်ကြပေ။ မေလ ၂၄ ရက်နေ့တွင် ခမရ ၄၃၇ မှ တပ်ဖွဲ့များက မိုးမောက်မြို့တွင်းသို့ လက်နက်ကြီးဖြင့် သုံးကြိမ် ပစ်ခတ်ခဲ့သည်။

လက်နက်ကြီး တစ်လုံးက ခါနန် ရပ်ကွက်တွင် ပေါက်ကွဲခဲ့ပြီး ကြက်စာကျွေးနေသော အသက် ၁၄ နှစ်အရွယ် ယောက်ျားလေးတစ်ဦး၏ ခေါင်းကို ထိမှန်ပြီး သေဆုံးသွားခဲ့သည်။


## ပစ္စည်းဥစ္စာများ လုယူခြင်း၊ ဖျက်ဆီးခြင်း


မိုးမောက်-ဒွေ့ဖုန်းယန် လမ်းတလျှောက်မှ ကျေးရွာအများစုမှ ရွာသားများမှာ ထွက်ပြေးသွားကြသဖြင့် မြန်မာစစ်တပ် စစ်ကူများက လွတ်နေသော ရွာများတွင် ဝင်ရောက် စခန်းချကြသည်။ တပ်မ ၇၇၊ ၈၈၊ နှင့် ၉၉ တို့မှ နာမည်ဆိုးဖြင့် ကျော်ကြားသော အထူးတပ်ဖွဲ့များသည် အိမ်များ၊ ဘုရားကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများတွင် နေထိုင်ကြပြီး ရွာသားများ၏ ပစ္စည်းဥစ္စာများ၊ ကျွဲနွားဝက် တိရစ္ဆာန်များ နှင့် အစားအစာများကို ခိုးယူကြသည်။

မေလ ၁၃ ရက်နေ့တွင် တပ်ဖွဲ့များသည် လူသူကင်းမဲ့နေသော နွမ်လန်း ရွာရှိ ကချင် နှစ်ခြင်းအသင်းတော်၏ ဘုရားကျောင်းတံခါးများကို ဖျက်စီးဝင်ရောက်ခဲ့ကြပြီး အဆောက်အဦအတွင်းရှိ ပစ္စည်းများကို လုယက်ဖျက်ဆီးခဲ့ကြသည်။

စစ်တပ်က မြို့များတွင်လည်းပစ္စည်းများ လုယက်ကြသည်။ မေလ ၁၈ ရက်နေ့တွင် ထရပ်ကား ငါးစီးခန့်ဖြင့် စစ်သားများ ဗန်းမော် အမှတ် ၁ နှင့် အမှတ် ၂ ဈေးများသို့ ည ၉ နာရီခန့်တွင် ရောက်ရှိလာကြသည်။ ဈေးအစောင့်များကို တံခါးဖွင့်ပေးရန် အမိန့်ပေးသည်. ထို့နောက် ဈေးအတွင်း ဆိုင်ခန်းများမှ ငါးခြောက်၊ ဆီနှင့် ကြက်သွန်နီ အပါအဝင် အစားအစာများကို လုယူခဲ့ကြသည်။


## စစ်အုပ်စု၏ လုံခြုံရေး တပ်ဖွဲ့ဝင်များမှ လူ့အခွင့်အရေးချိုးဖောက်သည့် နေရာပြ မြေပုံ (ဧပြီ -မေ ၂၀၂၁)




- စစ်အုပ်စု၏ လုံခြုံရေး တပ်ဖွဲ့ဝင်များမှ လူ့အခွင့်အရေး ချိုးဖောက်သည့် နေရာများ
- လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ။ ပုံတစ်ပုံသည် လူ ၂ ဦးအား ကိုယ်စားပြုသည်
- လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ။ ပုံတစ်ပုံသည် လူ ၅ ဦးအား ကိုယ်စားပြုသည်
- ရွာများ

# ပြည်သူလူထု နေထိုင်ရာရွာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း (ဧပြီ -မေ ၂၀၂၁)





မြန်မာစစ်တပ်နှင့် KIA တို့ တိုက်ပွဲ ဖြစ်ပွားသည့် နေရာများ

မြန်မာစစ်တပ်လေကြောင်းနှင့် တိုက်ခိုက်သည့် နေရာများ


မြန်မာစစ်တပ်မှ လက်နက်ကြီးဖြင့် ပတ်ခတ်ခြင်းခံရသည့် နေရာများ

ဗန်းမော်နှင့် မိုးမောက် ဒုက္ခသည့် စခန်းများသို့ ရွှေ့ပြောင်းကြသည့် ရွာများ

ရွာများ




# မိုးမောက် မြို့နယ်အတွင်း မြန်မာ စစ်တပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများ



## မိုးမောက်မှ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်အသစ် ၆၀၀၀ ကျော်

မေလ ၃၁ ရက်နေ့ရောက်သည့်အချိန်တွင် မိုးမောက်-ဒေါ့ဖုန်းယန် လမ်းတလျှောက်ရှိ အောက်ပါ ကျေးရွာ ၁၆ ရွာမှ ရွာသား ၆၀၀၀ ကျော်သည် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ထွက်ပြေးသူ ရာခိုင်နှုန်းကို အောက်ပါ ဇယားတွင် ဖော်ပြထားသည်။




ရွှေ့ပြောင်းထွက်ပြေးလာသောကချင်ရွာသားများကဗန်းမော်နှင့်မိုးမောက်မြို့များရှိရှိပြီးသားဒုက္ခသည်စခန်းများတွင် ခိုလှုံခဲ့ပြီး ရှမ်းရွာသားများမှာ ဘုန်းကြီးကျောင်းများနှင့် ဆွေးမျိုးများထံတွင် ခိုလှုံနေထိုင်ကြသည်။

၂၀၁၁ ခုနှစ်တွင် KIA နှင့် ဖြစ်ပွားခဲ့သည့် တကျော့ပြန်တိုက်ပွဲများကြောင်း ဗန်းမော်နှင့် မိုးမောက်မြို့များတွင် ဒုက္ခသည် ၁၀,၀၀၀ ကျော်ရှိနှင့်ပြီးဖြစ်သည်။ သို့ဖြစ်ရာ ဒုက္ခသည် အသစ်များသည် ဤနယ်မြေရှိ IDP အရေအတွက်ကို သိသိသာသာ တိုးပွားစေခဲ့ပြီး ရှိနှင့်ပြီး လူသားချင်းစာနာထောက်ထားသော အကူအညီများကို ပိုမို လိုအပ်လာစေခဲ့သည်။

## နယ်စပ်ဖြတ်ကျော် အကူအညီ အရေးပေါ် လိုအပ်ချက်။

မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသော နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများက မိုးမောက်နှင့် ဗန်းမော်တွင် ရွှေ့ပြောင်းဒုက္ခသည် အသစ်များကို အကူအညီပေးရန် စီမံခန့်ခွဲခဲ့သော်လည်း စစ်အုပ်စုက လူသားချင်းစာနာထောက်ထားမှု ရရှိနိုင်မှုကို လုံးဝ ပိတ်ဆို့ထားသဖြင့် ယင်းမှာ KIA ထိန်းချုပ်ထားသည့် နယ်မြေအတွင်းသို့ ရွှေ့ပြောင်းခဲ့သော ဒုက္ခသည်များအတွက်မူ မဖြစ်နိုင်ခဲ့ပေ။ ထိုသို့သော ဧရိယာများအတွက် အကူအညီပေးနိုင်သော တစ်ခုတည်းသော နည်းလမ်းမှာ နယ်စပ်ဖြတ်ကျော်သော လမ်းကြောင်းများမှသာ ဖြစ်သည်။

အရေးပေါ် အကူအညီလိုအပ်နေသော ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်အသစ်အုပ်စုမှာ အင်ဂျန်းယန် မြို့နယ်အတွင်း ကေအိုင်အေ ထိန်းချုပ်နယ်မြေရှိ ဘွမ်ရာယန် ရွာတွင် ရှိအုပ်စုဖြစ်သည်။ ပန်ဆီုယန်၊ ဆွတ်ပိုင်ယန်၊ ဘွမ်ဆီဇွတ်၊

ဖော်ဘမ်ဖျာ၊ ဆင်းဆောင်ယန် ကျေးရွာ ခြောက်ရွာမှ ဒုက္ခသည် ၆၀၀ ခန့်ဖြစ်ပြီး ၎င်းတို့သည် ၂၀၂၁ ခုနှစ် မတ်လတွင် မြစ်ဆုံ မြောက်ဘက် ဂွီထောင်ရွာတွင် KIA နှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲဖြစ်ပွားပြီးနောက် ဘွမ်ရာယန်သို့ထွက်ပြေးလာသူများဖြစ်သည်။ ယင်း ဒုက္ခသည်များမှာ အမိုးအကာများ၊ အစားအစာနှင့် ဆေးဝါးများလိုအပ်လျက်ရှိသည်။

## နိဂုံးချုပ်နှင့် အကြံပြုချက်များ

KWAT ၏ မှတ်တမ်းများက ဧပြီနှင့် မေလများအတွင်းတွင် မြန်မာနိုင်ငံမြောက်ပိုင်း မြို့ပြ ဧရိယာများတွင် စစ်အုပ်စု လုံခြုံရေး တပ်ဖွဲ့များက လက်နက်မဲ့ ဆန္ဒပြသူများကို သတ်ဖြတ်မှုများ ဆက်ရှိနေပြီး တက်ကြွလှုပ်ရှားသူများကို ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးမှုများ ဆက်ရှိနေသည်။ KIA ၏ ခုခံတော်လှန်မှု အရှိန်တိုးမြင့်မှုကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများအပေါ် တိုက်ရိုက် လက်တုန့်ပြန်သည့်အနေဖြင့် မြန်မာစစ်တပ်သည် ကျေးလက်ပဋိပက္ခနယ်မြေများတွင် အရပ်သားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပိုမိုတိုးများလာနေသည်ကိုလည်း မှတ်တမ်းကောက်ယူရရှိသည်။ စစ်အုပ်စု တပ်ဖွဲ့များမှာ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်လျက် ဒဏ်ခတ်သည့်အနေဖြင့် အရပ်သားများကို ပစ်မှတ်ထားကာ ရမ်းသန်းပစ်ခတ်ခြင်း၊ နှိပ်စက်ညှင်းပမ်းမှုများ ပြုလုပ်ခြင်း၊ ဥပဒေမဲ့ ပစ်ခတ်ခြင်းနှင့် လူနေအရပ်များကို လက်နက်ကြီးများဖြင့် ပစ်ခြင်းတို့လုပ်ဆောင်ခဲ့သည်။ အရပ်သားများအပေါ် တိုက်ခိုက်မှုများက ကြီးမားသော အိုးအိမ်စွန့်ခွာမှုများကို ဖြစ်စေပြီး မြန်မာနိုင်ငံ မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများကို ပိုမိုကျပ်တည်းစေခဲ့သည့်။

အရပ်သား ထိခိုက်သေဆုံးမှုနှင့် နေရပ်စွန့်ခွာမှု ကိန်းဂဏန်းများ တိုးမြင့်လာသည်နှင့်အမျှ မိမိတို့သည် အာဏာသိမ်းစစ်အုပ်စုအား အရပ်သားများအပေါ် အကြမ်းဖက်မှုများ ရပ်တန့်ရန်၊ နိုင်ငံရေး အကျဉ်းသားများအားလုံး လွှတ်ပေးရန်နှင့် နိုင်ငံတလွှားရှိ တပ်ဖွဲ့များကို ပြန်လည်ရုတ်သိမ်းရန်အတွက် နိုင်ငံတကာက စုပေါင်း အရေးယူဖိအားပေးမှုများ လုပ်ဆောင်ရန် အရေးပေါ် တောင်းဆိုသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဖျက်သိမ်းပစ်ရမည်။ ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်ကို အတည်ပြုပြီး ဖက်ဒရယ် ဒီမိုကရက်တစ် အစိုးရသစ်တစ်ရပ်ကို ရွေးကောက်တင်မြှောက်ရမည်။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအနေဖြင့် ကမ္ဘာတစ်ဝှမ်း လက်နက်ပိတ်ဆို့ အရေးယူမှုကို ချမှတ်ရန်နှင့် မြန်မာနိုင်ငံ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်တရားရုံးသို့ လွှဲပြောင်းရန် ထပ်လောင်းတောင်းဆိုလိုက်သည်။

ကချင်နှင့် အခြားသော တိုင်းရင်းသားနယ်မြေများတွင် လေကြောင်းမှ တိုက်ခိုက်မှုများပိုမိုမြင့်တက်လာသည်နှင့်အတူ မိမိတို့သည် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီကို မြန်မာနိုင်ငံအပေါ် တွင် လေယာဉ်မပျံသန်းရ ဇုန်သတ်မှတ်ရန်နှင့် တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအား စစ်အုပ်စုအား ၎င်းတို့၏ လေပိုင်နက်ကို အသုံးပြုပြီး တိုက်ခိုက်မှုများ လုပ်ခွင့်ပေးခြင်းကို ရပ်တန့်ရန် တိုက်တွန်းသည်။

နိုင်ငံတကာ အစိုးရများအနေဖြင့် အာဏာသိမ်းစစ်ကောင်စီအား အသိအမှတ်မပြုရန်နှင့် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အမျိုးသား ညီညွတ်ရေး အစိုးရကို အသိအမှတ်ပြုရန် မိမိတို့ တိုက်တွန်းသည်။

စစ်အုပ်စုအား ဝင်ငွေရရှိစေသော စီးပွားရေး လုပ်ငန်းအားလုံးအပေါ် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှု ချမှတ်ရန်အတွက် တောင်းဆိုမှုကို ထပ်မံတောင်းဆိုလိုက်ပြီး နိုင်ငံခြား ကုမ္ပဏီအားလုံးအား စစ်အုပ်စု ပြုတ်ကျသွားပြီး ဖက်ဒရယ် ဒီမိုကရက်တစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်တစ်ရပ် ရှိလာချိန်အထိ မြန်မာနိုင်ငံရှိလုပ်ငန်းများ ရပ်ဆိုင်းထားရန် တိုက်တွန်းသည်။

မိမိတို့သည် နိုင်ငံတကာ အလှူရှင်များကို ၎င်းတို့၏ အကူအညီများသည် စစ်အုပ်စုအားအသိအမှတ်ပြုခြင်း သို့မဟုတ် ပံ့ပိုးကူညီခြင်းများ မဖြစ်စေရန် အာမခံရန်နှင့် တိုင်းရင်းသားဒေသများရှိ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအတွက် အကူအညီများကို နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများမှ တစ်ဆင့် ပေးရန် တိုက်တွန်းသည်။ မိမိတို့သည် အနာဂတ် ဖက်ဒရယ် အုပ်ချုပ်ရေး စနစ် ဖြစ်ထွန်းလာရန်အတွက် အခြေခံ အုတ်မြစ်ဖြစ်သော တိုင်းရင်းသား လူမှုဝန်ဆောင်မှု အဆောက်အဦများအား တိုက်ရိုက် ပံ့ပိုးရန် တောင်းဆိုသည်။

မိမိတို့သည် တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအား ပဋိပက္ခများနှင့် ဖိနှိပ်ညှင်းပမ်းမှုများမှ ထွက်ပြေးရောက်ရှိလာသူများကို ခိုလှုံရာ ပေးအပ်ပြီး ထိုသူတို့လိုအပ်သော လူသားချင်းစာနာထောက်ထားသော အကူအညီများပေးအပ်ရန်လည်း ပန်ကြားအပ်သည်။

## နောက်ဆက်တွဲ

### အဓိကအားဖြင့် မြို့ပြနေရာများတွင် စစ်အုပ်စု တပ်ဖွဲ့များ၏ ဖမ်းဆီးမှု၊ နှိပ်စက်ညှင်းပမ်းမှုနှင့် သတ်ဖြတ်မှု စာရင်း (၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ မေလ ၃၁ ရက်)

| ရက်စွဲ | တည်နေရာ | အသေးစိတ်အချက်အလက်များ | အရေအတွက်နှင့် ဖမ်းဆီး၊ ဒဏ်ရာရ သေဆုံးသူများ |
|---|---|---|---|
| ၂၀၂၁ ခု ဧပြီ ၁ ရက် | မြစ်ကြီးနား | ဒေါ်ခေါ်မာဂူး (ဆော့လော်မြို့နယ် NLD ကိုယ်စားလှယ်) မှာ ပန္နတီး ရပ်ကွက်တွင် ဖမ်းခံရသည်။ | အမျိုးသမီး ၁ ဦး ဖမ်းဆီးခံရ။ |
| ၂၀၂၁ ခု ဧပြီ ၁ ရက် | မိုးညှင်း | ဆန္ဒပြနေစဉ် မိုးညှင်းမှ အမျိုးသား ဆန္ဒပြသူတစ်ဦးကို ရဲနှင့် စစ်သားများက နှိပ်စက် ဖမ်းဆီးခဲ့သည်။ | အမျိုးသား တစ်ဦး၊ ဖမ်းဆီး နှိပ်စက်ခံရ။ |
| ၂၀၂၁ ခု ဧပြီ ၃ ရက် | မိုးညှင်း | စစ်တပ်နှင့် ရဲတို့က အမျိုးသမီး တစ်ဦးနှင့် ၁၇ နှစ်အရွယ် ယောက်ျားလေး တစ်ဦး အပါအဝင် အရပ်သားငါးဦးကို လက်နက်များ ပုံးများ ရှိသည်ဟု စွပ်စွဲ၍ ၎င်းတို့၏ မိုးညှင်းမြို့ရှိ နေအိမ်မှဖမ်းဆီးသွားခဲ့သည်။ | ယောကျ်ား ၃ ဦး၊ မိန်းမ ၁ ဦး၊ ယောကျ်ားလေး ၁ ဦး ဖမ်းဆီးခံရ။ |
| ၂၀၂၁ ခု ဧပြီ ၄ ရက် | ဗန်းမော် | ဆန္ဒပြပွဲအတွင်း ဗန်းမော်မြို့ မင်းမနိုင် ရပ်ကွက်မှ ဆန္ဒပြသူ ဦးပုတာ (သို့မဟုတ် ဝင်းနိုင်ဦး) မှာ စစ်တပ်က ပစ်သတ်ခြင်းခံရသည်။ သူ့ကို ရင်ဘတ်နှင့် ခြေထောက်ကို ပစ်ခတ်သည်။ စစ်တပ်က ကိုပုတာ၏ အလောင်းကို ယူဆောင်သွားပြီး နေ့ခင်းပိုင်းမှ ပြန်ပေးသည်။ | ယောကျ်ားတစ်ဦး သတ်ဖြတ်ခံရ။ |
| ၂၀၂၁ ခု ဧပြီ ၅ ရက် | မိုးကောင်း | ည ၉ နာရီခန့်တွင် စစ်တပ်က မိုးကောင်းမြို့ ကျွန်းတော ရပ်ကွက်အတွင်း လှည့်လည်စဉ် မော်တော် ဆိုင်ကယ်နှင့် လူနှစ်ဦးကို ပစ်ခတ်ခဲ့သည့် ထိုလူနှစ်ဦးမှာ ထွက်ပြေး လွတ်မြောက်သွားသော်လည်း အိမ်တွင်နေထိုင်နေသူ အသက် ၃၅ နှစ်အရွယ် ရွာသား အမျိုးသမီးတစ်ဦး၏ လက်မောင်းကို ထိမှန် ဒဏ်ရာရစေခဲ့ပြီး မြစ်ကြီးနား စစ်ဆေးရုံ သို့ ပို့ဆောင်ခဲ့ရသည်။ | အမျိုးသမီး ၁ ဦး ဒဏ်ရာရ။ |

| | | | |
|---|---|---|---|
| ၂၀၂၁ ခု ဧပြီ ၈ ရက် | ဖားကန့် | ဖားကန့်တွင် စစ်တပ်က ဆန္ဒပြနေစဉ်အတွင်း ဆန္ဒပြသူ အမျိုးသား ၈ ဦးကို ဖမ်းဆီးခဲ့သည်။ ဆန္ဒပြသူများကို ပုဒ်မ ၅၀၅(က) ဖြင့် အရေးယူပြီး ဖားကန့်ထောင်တွင် ထိန်းသိမ်းထားခဲ့သော်လည်း အသက် ၁၈ နှစ်အောက် ဆန္ဒပြသူ သုံးဦးကို ပြန်လွှတ်ပေးခဲ့သည်။ လူထု သတင်းသမား ဖြစ်သူ ဖားကန့်မှ ကိုနောင်ရိုးကိုလည်း ဖမ်းဆီးခဲ့သည်။ | အမျိုးသား ၆ ဦးနှင့် ယောကျ်ားလေး ၃ ဦး ဖမ်းခံရ။ |
| ၂၀၂၁ ခု ဧပြီ ၈ ရက် | မြစ်ကြီးနား | ဆန္ဒပြသူ နှစ်ဦးဖြစ်သည့် ဒေါ်မဂေါင်ဒွဲနန် (၂၂ နှစ်) နှင့် ဦးလိုင်လိုင် (၂၀ နှစ်) တို့ကို ဆန္ဒပြပွဲအတွင်း ဖမ်းဆီးခဲ့သည်။ ထိုည ၁၀ နာရီခန့်တွင် သူတို့နှစ်ဦး ပြန်လည်လွတ်မြောက် လာခဲ့သည်။ | အမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ ဧပြီ ၁၄ ရက် | မြစ်ကြီးနား | မြစ်ကြီးနား သတင်းဂျာနယ်မှ အမျိုးသမီး သတင်းထောက် မျိုးမြတ်မြတ်ပန် (၂၂ နှစ်) နှင့် အမျိုးသား သတင်းထောက် ၂ ဦး (အာ့ဂျယ် (၂၂ နှစ်) နှင့် ခရစ္စတိုဖာ (၂၂ နှစ်) စုစုပေါင်း သတင်းသမား ၃ ဦး စစ်တပ်၏ ဖမ်းဆီးခံရသည်။၎င်းတို့ကို မပခသို့ ခေါ်ဆောင်သွားပြီး မြစ်ကြီးနားထောင်သို့ ပို့ဆောင်ကာ ပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲဆိုထားသည်။ | အမျိုးသား ၂ ဦး၊ အမျိုးသမီး ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ ဧပြီ ၁၅ ရက် | ကားမိုင်း | ခဆန် ကျေးရွာမှ (၁၅ နှစ်အရွယ် ၂ ဦးနှင့် ၁၇ နှစ်အရွယ် ၁ဦး) စုစုပေါင်း ယောကျ်ားလေး သုံးဦးကို မြန်မာစစ်တပ် စစ်သားများက ဖမ်းဆီးသွားပြီး (တပ်မ ၃၃ လက်အောက်ခံ) ကားမိုင်း ခမရ ၁၁၉ စခန်းတွင် နှိပ်စက်ညှင်းပမ်းခဲ့သည်. ၎င်းတို့အား KIA စစ်သားများ ဖြစ်သည်ဟု အတင်း ဝန်ခံခိုင်းခဲ့သည်။ ဧပြီလ ၂၇ ရက်တွင် သူတို့ ပြန်လွှတ်လာသည်။ | ယောကျ်ားလေး ၃ ဦး ၁၂ ရက်ကြာ ဖမ်းဆီး ခံရပြီး နှိပ်စက်ညှင်းပမ်း ခံရ။ |
| ၂၀၂၁ ဧပြီ ၁၇ ရက် | မူဆယ် | မူဆယ်မြို့မှ ဆန္ဒပြသူ အမျိုးသား နန်ရဲမောင်ဦး (၂၂ နှစ်) မှာ ကော်ဖီဆိုင်တွင် ထိုင်နေစဉ် စစ်တပ်၏ ဖမ်းဆီးခြင်း ခံလိုက်ရသည်။ | အမျိုးသား ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ ဧပြီ ၁၉ ရက် | မိုးညှင်း | မိုးညှင်းမြို့တွင် ဆန္ဒပြပွဲအတွင်း ဆန္ဒပြသူ နှစ်ဦးဖြစ်သည့် ဒေါ်မြတ်နိုးဝေနှင့် ကျော်မြင့်ထွန်းတို့မှာ ဖမ်းဆီးခံရပြီး မိုးညှင်းထောင်တွင် ပုဒ်မ ၅၀၅(က) ဖြင့် ထိန်းသိမ်းခံနေရဆဲ ဖြစ်သည်။ | အမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ ဧပြီ ၂၇ ရက် | မူဆယ် | မူဆယ် ကောင်စံ ဆေးခန်းမှ ဆေးဘက်ဆိုင်ရာ အမျိုးသား ဆရာဝန် ဒေါက်တာ စိုင်းစိုင်းမောင်နှင့် အမျိုးသမီး ဆရာဝန်တစ်ဦးတို့ကို စစ်တပ်မှ ဖမ်းဆီးခဲ့သည်။ အမျိုးသမီး ဆရာဝန်မကို ထိုနေ့ ည ၁၁ နာရီအချိန်တွင် ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ ဧပြီ ၂၇ ရက် | မူဆယ် | မူဆယ်မှ ဆိုင်အလုပ်သမား အမျိုးသမီး ၃ ဦး၊ အမျိုးသား ၃ ဦးတို့ကို စစ်တပ်က ဖမ်းဆီးခဲ့သည်။ သူတို့ကို မူဆယ်ရဲစခန်းတွင် အမှုဖွင့်ထားသည်။ | အမျိုးသမီး ၃ ဦး၊ အမျိုးသား ၃ ဦး ဖမ်းခံရ။ |

| | | | |
|---|---|---|---|
| ၂၀၂၁ ခု မေ ၁ ရက် | မြစ်ကြီးနား | မြစ်ကြီးနား အင်ဂျန်းဒုံလမ်းတွင် အစားအစာ လှူဒါန်းသော (အမျိုးသား ၆ ဦးနှင့် အမျိုးသမီး ၅ ဦး) လူငယ် ၁၁ ဦးမှာ ဖမ်းဆီးခံရသည်။ ၎င်းတို့ကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ထိန်းသိမ်းထားပြီး စစ်ကြောခဲ့သည်။ မေလ ၁၄ ရက်တွင် အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၃ ဦးတို့ ပြန်လွှတ်လာပြီး အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၂ ဦးတို့ကို မြစ်ကြီးနားထောင်တွင် ဆက်လက်ထိန်းသိမ်းထားသည်။ | အမျိုးသား ၆ ဦး၊ အမျိုးသမီး ၅ ဦး ဖမ်းခံရ။ |
| ၂၀၂၁ ခု မေ ၂ ရက် | လုံးခင်း၊ ဖားကန့်။ | လုံးခင်းတွင် ဆန္ဒပြနေစဉ် အမျိုးသား ဆန္ဒပြသူ တစ်ဦးဖြစ်သော ကိုဝေဖြိုးမှာ ပစ်သတ်ခံရသည်။ | အမျိုးသား ၁ ဦး သတ်ခံရ။ |
| ၂၀၂၁ ခု မေ ၅ ရက် | မြစ်ကြီးနား | အမျိုးသမီး ဆန္ဒပြသူ ၄ ဦးကို ဖမ်းဆီးပြီး မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ထိန်းသိမ်းထားခဲ့သည်။ မေလ ၆ ရက်နေ့တွင် တစ်ဦးကို ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသမီး ၄ ဦး ဖမ်းခံရ။ |
| ၂၀၂၁ ခု မေ ၈ ရက် | မိုးညှင်း | ည ၈ နာရီ ဝန်းကျင်တွင် မိုးညှင်း အားမာန်သစ် ထမင်းဆိုင်တွင် လူငယ် ၃ ဦးဖမ်းခံရသည်။ ၎င်းတို့ကို မိုးညှင်း ရဲစခန်းသို့ ခေါ်သွားပြီး မေးမြန်း နှိပ်စက်သည်။ ၎င်းတို့ကို စစ်တပ်စခန်းတွင် ၃ ည ချုပ်ထားပြီး ပြန်လွှတ်ခဲ့သည်။ | အမျိုးသား ၃ ဦး ဖမ်းခံရ၊ နှိပ်စက်ညှင်းပမ်းခံရ။ |
| ၂၀၂၁ မေ ၁၀ ရက် | နမ္မတီး၊ မိုးကောင်း။ | ဦးလာဂျူဂျာဂွမ်း နှင့် မိတ်ဆွေတစ်ဦးသည် ဆိုင်ကယ်ဖြင့် အိမ်ပြန်လာစဉ် ကင်းလှည့်နေသည့် စစ်ကားပေါ်မှ ပစ်ခတ်သွားခဲ့သည်။ လာဂျူဂျာဂွမ်းမှာ ဆိုင်ကယ်မှ ပြုတ်ကျသွားပြီးနောက် စစ်သားများက သေနတ်များဖြင့် ထပ်ပစ်ခဲ့သည်။ နောက်နေ့ အစောပိုင်းတွင် သူ သေဆုံးသွားသည်။ | အမျိုးသား ၁ ဦး ပစ်သတ်ခံရ။ |
| ၂၀၂၁ မေ ၁၂ ရက် | မြစ်ကြီးနား | ဆန္ဒပြသူ အမျိုးသမီး နှစ်ဦးသည် ဆန္ဒပြပွဲတွင် အသုံးပြုရန် မိတ္တူကူးလာသောစာရွက်များသယ်လာစဉ် မိတ္တူဆိုင်မှ အပြန်လမ်းတွင် စစ်တပ်၏ ဖမ်းဆီးခြင်း ခံရသည်။ | အမျိုးသမီး ၂ ဦး ဖမ်းခံရ။ |
| ၂၀၂၁ မေ ၁၃ ရက် | ခူးလီရွာ၊ ဗန်းမော်။ | ဗန်းမော် ရောဘတ် ဒုက္ခသည်စခန်းမှ အသက် ၄၇ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ခူးလီရွာတွင် အိမ်ဆောက်နေခဲ့သည်။ သူက မြန်မာဘာသာစကားကို ရေးတတ်ပြောတတ်ခြင်းမရှိပေ။ မေလ ၁၃ ရက်နေ့တွင် စျေးဆိုင်တစ်ဆိုင်မှ ပြန်လာစဉ် စစ်တပ်က ဖမ်းဆီးပြီး သူ့ကို ကေအိုင်အေ စစ်သားလား၊ ဆန္ဒပြပွဲတွေမှာ ပါသလားဟု မေးသည်။ သူက နားမလည်သည့်အတွက် ဟုတ်သည်ဟု ဖြေခဲ့သည်။ သူ့ကို ဗန်းမော်ရှိ ခလရ ၂၃၇ စခန်းသို့ ပို့ဆောင်ခဲ့ပြီး ဘာသာရေးခေါင်းဆောင်နှင့် စခန်းခေါင်းဆောင်က မေလ ၁၄ ရက်နေ့တွင် လွှတ်မြောက်စေခဲ့သည်။ သူ့ခန္ဓာကိုယ်တွင် နှိပ်စက်ထားသည့် လက္ခဏာများတွေ့ရသည်။ | အမျိုးသား ၁ ဦး ဖမ်းခံရ၊ နှိပ်စက် ညှင်းပမ်း ခံရ။ |

| | | | |
|---|---|---|---|
| ၂၀၂၁ မေ ၁၀ ရက် | ဗန်းမော် | ဘုန်းတောင်ကြီး ဖာသာ ကိုလံဘန်း လဒီကို အမှတ် ၂ အထက်တန်းကျောင်းရှေ့တွင် CDM ကို ထောက်ခံပံ့ပိုးသည်ဟု ဆိုကာ ဖမ်းဆီးခြသည်။ မေလ ၁၇ ရက်နေ့တွင် ပြန်လည် လွှတ်မြောက်လာသည်။ | အမျိုးသား ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ မေ ၁၄ ရက် | မြစ်ကြီးနား | မြစ်ကြီးနားကမ္ဘောဇဘဏ်ခွဲ ၁ ရှေ့ ဗုံးပေါက်မှုကို ရိုက်ကူးပြီး ဖေ့ဘွတ်တင်သော လူငယ်နှစ်ဦးကို ညနေပိုင်းတွင် သူတို့၏ နေအိမ်များတွင် ရဲက ဖမ်းဆီးခဲ့သည်။ | အမျိုးသား ၂ ဦး ဖမ်းခံရ။ |
| ၂၀၂၁ မေ ၁၅ ရက် | ဝိုင်းမော် | ဆန္ဒပြ အမျိုးသားတစ်ဦးကို ဖမ်းဆီးပြီး မေလ ၁၇ ရက်တွင် ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ မေ ၁၇ ရက် | မိုးညှင်း | စစ်တပ်က CDM တွင် ပါဝင်သော သူနာပြုဆရာမ တစ်ဦးကို ဖမ်းဆီးခဲ့ပြီး ပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲဆိုခဲ့သည်။ သူ့ကို မိုးညှင်းထောင်တွင် ဆက်လက် ထိန်းသိမ်းထားသည်။ | အမျိုးသမီး ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ မေ ၂၀ ရက် | မြစ်ကြီးနား | တက်ကြွလှုပ်ရှားသူ နှစ်ဦး ဖြစ်သည့် ဦးလွမ်းဖောင်နှင့် ဒေါ်ဆိုင်းနူးပန်တို့ နှစ်ဦး ကို မြစ်ကြီးနား နောင်နန်းရှိ ဆိုင်းနူးပန်၏ အဖိုးဖြစ်သူ၏ အသုဘ အိမ်သွားရာ လမ်းတွင် ဖမ်းဆီးခဲ့သည်။ သူတို့နှစ်ဦးကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ထိန်းသိမ်းထားသည်။ | အမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ မေ ၃၁ ရက် | ဗန်းမော် | NLD အဖွဲ့ဝင် ကိုဟင်လတ်မှာ ဗန်းမော် ညောင်ပင်ရပ်ကွက်တွင် ရဲများ၏ဖမ်းဆီးခြင်းခံရသည်။ သူ့ကို ဘယ်နေရာတွင် ထိန်းသိမ်းထားသည်ကို မည်သူမျှ မသိပေ။ | အမျိုးသား ၁ ဦး ဖမ်းခံရ။ |

## စစ်အုပ်စု တပ်ဖွဲ့များက အဓိကအားဖြင့် ကျေးလက်ဒေသများတွင် အရပ်သားများ အား ပစ်ခတ်မှုနှင့် လက်နက်ကြီး နှင့် ပစ်ခတ်မှု စာရင်း (၂၀၂၁ ခုနှစ် ဧပြီ ၁ရက်မှ မေလ ၃၁ ရက်အထိ)

| ရက်စွဲ | တည်နေရာ | အသေးစိတ် | ထိခိုက်သေဆုံးသူ အရေအတွက် |
|---|---|---|---|
| ၂၀၂၁ ဧပြီ ၆ ရက်။ | ဝါရာဇွတ်ရွာ၊ ဖားကန့်။ | ဂျုဒူဇွပ်မှ ခလရ ၂၉၇ က ဝါရာဇုပ် ရွာကို လက်နက်ကြီးနှင့် ၄ ကြိမ် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်များ ရွာအတွင်း ကျရောက်သော်လည်း ကံကောင်းစွာပင် မည်သူမျှ ဒဏ်ရာရခြင်းမရှိပါ။ | |
| ၂၀၂၁ ဧပြီ ၆ ရက်။ | လွိုင်လီယန် ရွာ၊ မိုးကောင်း | လွိုင်လီယန် ရွာသို့ နံနက် ၁၁း၃၀ နာရီခန့်တွင် စစ်သားများ ရောက်လာပြီး အသုဘ လုပ်နေသော အိမ်ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ အိမ်တွင်းရှိ အမျိုးသား ရွာသားတစ်ဦး ဦးခေါင်းထိမှန် သေဆုံးခဲ့သည်။ | အမျိုးသား ၁ ဦး ပစ်သတ်ခံရ။ |

| | | | |
|---|---|---|---|
| ၂၀၂၁ မေ ၈ ရက်။ | ဆမ်ပါလီ ရွာ၊ မိုးကောင်း | မရမ်ကထောင်ရွာတွင် ကေအိုင်ကေက စစ်ထရပ်ကား တစ်ချို့ကို ပုံးဖြင့် တိုက်ခိုက်ပြီးနောက်တွင် ထရပ်ကား တစ်စီးက ဆမ်ပါလီ ရွာသို့ ရောက်ရှိလာသည်။ စစ်သားများကလူ၃ဦးကွမ်းယာဝယ်နေသည်ကိုတွေ့ရှိခဲ့ပြီး သူတို့ အား အော်ဟစ်ခဲ့သည်။ အသက် ၄၂ နှစ်အရွယ် ရွာသားတစ်ဦးက ထွက်ပြေးသဖြင့် စစ်သားများက နောက်မှ ပစ်ခတ်ရာ ဒဏ်ရာရရှိခဲ့သည်။ အခြား ရွာသားနှစ်ယောက်ကို ရိုက်နှက်ကန်ကြောက်ခဲ့သည်။ | အမျိုးသား ၁ ဦး ပစ်ခံရ ဒဏ်ရာရ။ အမျိုးသား ၂ ဦးနှိပ်စက်ညှင်းပမ်းခံရ။ |
| ၂၀၂၁ မေ ၁၀ ရက်။ | နွမ်လန်း ရွာ၊ မိုးမောက် | ခမရ ၃၇၀၊ ၃၂၀ နှင့် တပ်မ ၈၈ ကနွမ်လန်း ရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ အသက် ၅၀ အရွှယ် အမျိုးသမီးတစ်ဦး နောက်ကျောတွင် ဒဏ်ရာရရှိခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ သွေးလန့်ခြင်း ဖြစ်ပေါ်ခဲ့သည်. နောက်ထပ် အမျိုးသမီးတစ်ဦးမှာ အမြင်အာရုံထိခိုက်သွားခဲ့သည်။ | လက်နက်ကြီးကြောင်း အမျိုးသမီး ၂ ဦး ဒဏ်ရာရ။ |
| ၂၀၂၁ မေ ၁၁ ရက်။ | မြို့သစ်၊ ဆီဟက်၊ ရွှေမြောင်းရွာများ၊ မိုးမောက်။ | ညပိုင်း ၁၀ နာရီမှ ၁၁ နာရီအတွင် မြန်မာစစ်တပ်က မြို့သစ်၊ ဆီဟက်နှင့် ရွှေမြောင်းရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ရွာသား ၄ ဦး သေဆုံးခဲ့သည်။ သေဆုံးသူများမှာ မြို့သစ်မှ မအေးပု (၁၉ နှစ်)၊ ဆီဟက်မှ စိုင်းအိုက်လင်း (၂၃ နှစ်)၊ ရွှေမြောင်းရွာမှ ယာဟောက်ကို (၈၃ နှစ်) နှင့် လိုင်အေးလိုင် (၈၄ နှစ်) တို့ ဖြစ်သည်။ မြို့သစ်တွင် အသက် ၁၀ နှစ်အရွယ် ကလေးတစ်ဦးနှင့် ဘုန်းတော်ကြီး ၂ ဦးတို့ ဒဏ်ရာရခဲ့သည်။ | အမျိုးသမီး ၂ ဦး၊ အမျိုးသား ၂ ဦး သေဆုံး။ အမျိုးသား ၂ ဦး၊ ယောက်ျားလေး ၁ ဦး ဒဏ်ရာရ။ |
| ၂၀၂၁ မေ ၂၄ ရက်။ | နမ့်ဖာရွာ၊ ဗန်းမော်။ | KIA နှင့် တိုက်ပွဲဖြစ်ပြီးနောက်တွင် မြန်မာစစ်တပ်က နမ့်ဖာ ရွာအနီး ခြံထဲတွင် အလုပ်လုပ်နေသော ပြည်သူများကို မြန်မာစစ်တပ်က ပစ်ခတ်ခဲ့သည်။ အရပ်သား ၃ ယောက် ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ အမျိုးသား ၂ ဦး (၇၅-၂၄နှစ်) နှင့် အမျိုးသမီး ၁ ဦး (၂၁) နှစ်တို့ ဖြစ်သည်။ | အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦး ဒဏ်ရာရ။ |
| ၂၀၂၁ မေ ၂၈ ရက်။ | မြို့သစ်ရွာ၊ မိုးမောက် | မိုးမောက် အခြေစိုက် ခမရ ၄၃၇ နှင့် မြို့သစ်အခြေစိုက် ခမရ ၃၂၀ တို့သည် မြို့သစ်ရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြသည်။ ဦးလောဦး (၃၀ နှစ်) မှာ ပြင်းထန်စွာ ဒဏ်ရာရှိခဲ့ပြီး အိမ် ၄ လုံး ပျက်စီးသွားခဲ့သည်။ ဖြစ်ရပ်နောက်ပိုင်းတွင် ရွာလူကြီးကို ဖမ်းဆီးခဲ့ပြီး ထိုနေ့တွင်ပင် ပြန်လွှတ်ပေးခဲ့သည်။ | အမျိုးသား ၁ ဦး ဒဏ်ရာရ၊ အမျိုးသား ၁ ဦး ဖမ်းခံရ။ |
| ၂၀၂၁ မေ ၂၉ ရက်။ | နမ့်လန် ရွာ၊ မိုးမောက်။ | ခမရ ၄၃၈ က နမ့်လန်ရွာကို အကြိမ်များစွာ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အမျိုးသား ရွာသား (၇၂ နှစ်) တစ်ဦး နှင့် အမျိုးသမီး ရွာသား (၂၇ နှစ်) တစ်ဦးတို့ကို ပြင်းထန်စွာ ဒဏ်ရာရစေခဲ့ပြီး မြစ်ကြီးနား စစ်ဆေးရုံတွင် ကုသမှုကို ခံနေရသည်။ | အမျိုးသား ၁ ဦး သတ်ခံရ၊ အမျိုးသမီး ၁ ဦး ဒဏ်ရာရ။ |

| | | | |
|---|---|---|---|
| ၂၀၂၁ မေ ၂၉ ရက်။ | ဟန်ကိုင်ရွာ၊ ကွတ်ခိုင်။ | နမ့်ဖတ်ကာ ရွာမှ ခလရ ၁၂၃ က ဟန်ကိုင်ရွာကို လက်နက်ကြီးဖြင့်ပစ်ရာ အရပ်သား ၅ ဦး ဒဏ်ရာရသည်။ အမျိုးသမီး ၁ ဦး (၅၃ နှစ်)၊ အမျိုးသမီး ၁ ဦး (၄၃ နှစ်)၊ အမျိုးသား ၁ ဦး (၂၇ နှစ်)၊ ယောကျ်ားလေး ၁ ဦး (၁၁ နှစ်) နှင့် ယောကျ်ားလေး ၁ ဦး (၈ နှစ်)။ | အမျိုးသမီး ၂ ဦး၊ အမျိုးသား ၁ ဦး၊ ယောကျ်ားလေး ၂ ဦး ဒဏ်ရာရ။ |
| ၂၀၂၁ မေ ၃ ရက် | ကုန်းလောရွာ၊ မိုးမောက်။ | ခမရ ၃၈၇ နှင့် ခမရ ၃၂၉ တို့က ကုန်းလောရွာကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ ရွာဦးကျောင်း ရှေ့တွင် ကျရောက်သော လက်နက်ကြီး ကျည်ကောင့် လူ ၃ ဦးသေဆုံခဲ့သည်။ ယင်းတို့တွင် (အသက် ၄၀ နှစ်) အမျိုးသမီး တစ်ဦး၊ အသက် (၆၀ နှစ်) အရွယ် အမျိုးသား ၁ ဦးနှင့် ဘုန်းကြီးတစ်ပါးတို့ ပါဝင်သည်။ မိသားစုဝင် ၃ ဦးအပါအဝင် ၆ ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ ယောကျ်ားလေး (၁၃ နှစ်)၊ မိန်းကလေး (၈နှစ်) နှင့် အမျိုးသမီး (၃၃ နှစ်) တို့မှာ ဗန်းမော်ဆေးရုံတွင် ဆေးကုသနေရ သည်။ ၈ နှစ်အရွယ် မိန်းကလေးမှာ ဒဏ်ရာ ပြင်းထန်လွန်းသောကြောင့် မန္တလေးရှိ ပုဂ္ဂလိက ဆေးရုံသို့ လွှဲပြောင်းထားရသည်။ | အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦး သတ်ခံရ၊ ၆ ဦး ဒဏ်ရာရ၊ ( အမျိုးသား ၃ ဦး၊ အမျိုးသမီး ၁ ဦး၊ မိန်းကလေး ၁ ဦး) |
| ၂၀၂၁ မေ ၃ ရက် | ဒွေ့ါဖုန်းယန်မြို့၊ မိုးမောက်။ | ခန်ကိုင်စခန်းမှ ခလရ ၁၄၂ မှ ညပိုင်းတွင် ဒွေ့ါဖုန်းယန် မြို့အတွင်းသို့ လက်နက်ကြီးဖြင့် အကြိမ် ၂၀ ခန့်ပစ်ခဲ့သည်။ လက်နက်ကြီး တစ်လုံးက ဒွေ့ါဖုန်းယန် ပြည်သူ့ဆေးရုံ အုတ်တံတိုင်းကို ထိမှန်ခဲ့သည်။ အရပ်သား ကားတစ်စီး ပျက်စီးခဲ့သည်။ | |
| ၂၀၂၁ မေ ၂၁ ရက် | ဆီဟက်ရွာ၊ မိုးမောက်။ | ခမရ ၃၂၀ နှင့် ခမရ ၃၈၇ တို့က ဆီဟက်ရွာကို လက်နက်ကြီးနှင့် ပစ်ခတ်ခဲ့ရာ မွေးထားသော တိရစ္ဆာန်နှင့် ခြံများကြည့်ရန် ပြန်လာသော ရွာသား ၂ ဦးဖြစ်သော ဦးဖူးလိုင် (၅၆ နှစ်) နှင့် ဒေါ်နီလာ (၃၆နှစ်) တို့ ဒဏ်ရာ အပြင်းအထန်ရရှိကြသည်။ | အမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး ဒဏ်ရာရ။ |
| ၂၀၂၁ မေ ၂၄ ရက် | မိုးမောက်မြို့။ | ခမရ ၄၃၇ မှ တပ်ဖွဲ့များက မိုးမောက်မြို့တွင်းသို့ လက်နက်ကြီးများ ၃ ကြိမ်ပစ်ခဲ့သည်။ တစ်လုံးမှာ ခါနန် ရပ်ကွက်တွင်ပေါက်ကွဲခဲ့ပြီးကြက်စာကျွေးနေသောအသက် ၁၄ နှစ်အရွယ် ယောကျ်ားလေး တစ်ဦးကို သေလုနီးဒဏ်ရာ ရရှိစေခဲ့သည်။ နောက်လက်နက်ကြီးတစ်လုံးက ကွင်းထဲသို့ ကျပြီး ပေါက်ကွဲခြင်းမရှိခဲ့ပေ။ ယခုအခါ ခြံပိုင်ရှင်များ ခြံထဲ မသွားရဲပဲ ရှိသည်။ | ယောကျ်ားလေး ၁ ဦး အသတ်ခံရ။ |

# ဆက်သွယ်ရန်

Email: kwat.office@gmail.com

Website: kachinwomen.com

Facebook: Kachin Women's Association Thailand - KWAT

Mobile:+66(0) 89 755 9892